ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

**အမိန့်ကြော်ငြာစာအမှတ်၊ ၁၄၄ / ၂၀၂၀**

၁၃၈၂ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်

(၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၂ ရက်)

**ရတနာခွန်ကျသင့်သည့် ကျောက်မျက်ရတနာအမျိုးအစားများနှင့်စပ်လျဉ်း၍ အမိပ္ပာယ်ရှင်းလင်းဖွင့်ဆိုခြင်း**

၁။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသည် ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၉ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ထိုဥပဒေ၏ ပုဒ်မ ၃၃ ဇယားပါ ရတနာခွန်ကျသင့်စေရမည့် ကျောက်မျက်ရတနာအမျိုးအစားများအနက် ရှင်းလင်းဖော်ပြရန် လိုအပ်သည့် ကျောက်မျက်ရတနာအမျိုးအစား (၄) မျိုးနှင့်စပ်လျဉ်း၍ ရှင်းလင်းစွာသိရှိနိုင်စေရန် အတွက် အမိပ္ပာယ်ရှင်းလင်းဖွင့်ဆိုခြင်းဖြစ်ပါသည်။

**သက်ဆိုင်သည့်အကြောင်းအရာ**

၂။ ဤအမိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်သည် ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၃၃ ဇယားပါ ရတနာခွန်ကျသင့်စေရမည့် ကျောက်မျက်ရတနာအမျိုးအစား (၄) မျိုးနှင့် စပ်လျဉ်း၍ ဤဝန်ကြီးဌာနက မည်သို့အမိပ္ပာယ်ဖွင့်ဆိုကြောင်း ရှင်းလင်းအသိပေးချက်ဖြစ်ပါသည်။

**အကျိုးသက်ရောက်သူများ**

၃။ ဤထုတ်ပြန်ချက်သည် မြန်မာ့ကျောက်မျက်ရတနာဥပဒေအရ ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူများအပေါ်တွင် အကျိုးသက်ရောက်ပါသည်။

**သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်**

၄။ မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၃၈ အရ ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူများ သည် ကျောက်မျက်ရတနာအရိုင်းကိုဖြစ်စေ၊ ကျောက်မျက်ရတနာအချောထည်ကိုဖြစ်စေ၊ လက်ဝတ် ရတနာကိုဖြစ်စေ၊ ကျောက်မျက်ရတနာဖြင့်ပြုလုပ်သောပစ္စည်းကိုဖြစ်စေ ရောင်းချပါက ကျသင့်သည့် ရတနာခွန်ကို ပေးဆောင်ရန်တာဝန်ရှိပါသည်။

၅။ ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၃၃ ဇယားတွင် ရတနာခွန် ကျသင့်သည့် ကျောက်မျက်ရတနာအမျိုးအစားများကို ပြဋ္ဌာန်းထားပါသည်။

**အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်**

၆။ ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ၂-၉-၂၀၂၀ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၈ ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပါသည်။ ထိုဥပဒေ၏ ပုဒ်မ ၃၃ ဇယားပါ ကျောက်မျက်ရတနာ အမျိုးအစားများအပေါ်တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ရတနာခွန် ကျသင့်မည်ဖြစ်ပါသည်။

၇။ အဆိုပါ အခွန်ကျသင့်သည့် ကျောက်မျက်ရတနာအမျိုးအစားများနှင့် သက်ဆိုင်သည့် အဓိပ္ပာယ်ကို ရှင်းလင်းစွာသိရှိမှသာ ရတနာခွန်ကျသင့်သည့် ကျောက်မျက်ရတနာအမျိုးအစားများအပေါ် မှန်ကန်ထိရောက်စွာ ကောက်ခံဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

၈။ သို့ဖြစ်ပါ၍ အဆိုပါ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၉ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ထိုဥပဒေ၏ ပုဒ်မ ၃၃ ဇယား အမှတ်စဉ် ၂ ပါ **"အခြားအဖိုးတန် ကျောက်မျက်ရတနာအရိုင်းထည်များ"**၊ ဇယားအမှတ်စဉ် ၃ ပါ **"အခြားအဖိုးတန် ကျောက်မျက်ရတနာအချောထည်များ"** နှင့် **"အခြားအဖိုးတန်ကျောက်မျက်ရတနာများ စွဲကပ်ထားသည့် လက်ဝတ်ရတနာအချောထည်များ"**၊ ဇယားအမှတ်စဉ် ၄ ပါ **"ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းများ"** ဟူသော စကားရပ်တို့သည် အောက်ပါဇယားတွင် သတ်မှတ်သည့်အတိုင်း ဆိုလိုကြောင်း အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုပါသည် -

| စဉ် | အမှတ်စဉ် | ကျောက်မျက်ရတနာ အမျိုးအစား | ရှင်းလင်းဖော်ပြချက် |
|---|---|---|---|
| ၁။ | ပုဒ်မ ၃၃ ဇယား အမှတ်စဉ် ၂ | အခြားအဖိုးတန် ကျောက်မျက်ရတနာ အရိုင်းထည်များ | စိန်နှင့်မြတို့မှအပ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဂ) ပါ တူးဖော်ထုတ်လုပ်ရရှိသော ကျောက်မျက် ရတနာ အရိုင်းတုံးများ၊ ခွဲစိတ်ဖြတ်တောက်ထားသော၊ ခွဲစိတ်ပြီးပွတ်ချောထားသော၊ ထုခွဲထားသော ကျောက်မျက်ရတနာ အရိုင်းတုံးများနှင့် အပိုင်းအစများကိုဆိုသည်။ |
| ၂။ | ပုဒ်မ ၃၃ ဇယား အမှတ်စဉ် ၃ | အခြားအဖိုးတန် ကျောက်မျက်ရတနာအချောထည် များ | စိန်နှင့်မြတို့မှအပ မြန်မာ့ကျောက်မျက် ရတနာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဃ) ပါ ကျောက်မျက်ရတနာ အရိုင်းကို ထပ်မံ ဖြတ်တောက်ခြင်း၊ သွေးခြင်း၊ အရောင် |

| စဉ် | အမှတ်စဉ် | ကျောက်မျက်ရတနာ အမျိုးအစား | ရှင်းလင်းဖော်ပြချက် |
|---|---|---|---|
| | | | တင်ခြင်း၊ ပုံဖော်ခြင်းနှင့် ရုပ်တုရုပ်ထွင်း ပြုလုပ်ခြင်း စသည်ဖြင့် ဆင့်တက်ပြုပြင်ခြင်းတို့ ပြုလုပ်ထားသည့် လက်ဝတ်ရတနာ မပြုလုပ်ရသေးသော ကျောက်မျက်ရတနာကိုဆိုသည်။ |
| ၃။ | ပုဒ်မ ၃၃ ဇယား အမှတ်စဉ် ၃ | အခြားအဖိုးတန် ကျောက်မျက်ရတနာများ စွဲကပ်ထားသည့် လက်ဝတ်ရတနာ အချောထည်များ | စိန်နှင့် မြတို့မှအပ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (င) ပါ ကျောက်မျက်ရတနာအချောထည်ပါရှိသည့် လက်ဝတ်ရတနာကိုဆိုသည်။ |
| ၄။ | ပုဒ်မ ၃၃ ဇယား အမှတ်စဉ် ၄ | ကျောက်မျက် ရတနာဖြင့် ပြုလုပ်သော ပစ္စည်းများ | မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (စ)ပါ ကျောက်မျက်ရတနာကို အသုံးပြု၍ ပြုလုပ်ထားသောပစ္စည်း သို့မဟုတ် ကျောက်မျက်ရတနာပါဝင်သော ပစ္စည်းကို ဆိုသည်။ |

စိုးဝင်း

ပြည်ထောင်စုဝန်ကြီး

***************************************************

စာအမှတ်၊ စဘစ / ဘဏ္ဍာ - ၂ / ၁ / ၂၅၄ (၅၇၄၇/ ၂၀၂၀)

ရက် စွဲ ၊ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၂ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

မြန်မာနိုင်ငံစာရင်းကောင်စီ

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနရှိ ဌာနအဖွဲ့အစည်းအားလုံး

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန
} မြန်မာနိုင်ငံပြန်တမ်း အပိုင်း (၁) တွင် ထည့်သွင်း ကြေညာပေးပါရန်။

ဤဝန်ကြီးရုံး၊ ဌာနခွဲများအားလုံး

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်
} ညီနောင်အသင်းများအား ထပ်မံဖြန့်ဝေပေးပါရန်။

အမိန့်အရ

(ထွန်းထွန်းနိုင်)

အမြဲတမ်းအတွင်းဝန်